# People's Defense Force (Kani)

# ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ကနီမြို့နယ်)

## အကြမ်းဖက်စစ်ကောင်စီ၏ ထောက်တိုင်များဖြစ်သည့် ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အားပေးကူညီသူများသို့ နောက်ဆုံးအကြိမ် ကြိုတင်သတိပေးခြင်း

ကြေညာချက်အမှတ် (၂၆/၂၀၂၁)

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၂)ရက်

(၁)စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်အတွင်းတွင် အကြမ်းဖက်စစ်ကောင်စီ ခန့်အပ်သော ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ကျေးရွာအုပ်စု စာရေးများသည် အကြမ်းဖက်စစ်ကောင်စီ၏ အခွန်ဘဏ္ဍာငွေတိုးလာရေးအတွက် အခွန်ငွေ၊ လိုင်စင်အရပ်ရပ်ငွေများ ကောက်ခံရာတွင် ပါဝင်ကူညီခြင်း၊ အမြန်ရေယာဉ်များ၊ မော်တော်များ၊ ကုန်ကားများကို မတရားငွေကြေးကောက်ခံရာတွင် ပါဝင်ခြင်း၊သစ်ပွဲစား၊ သစ်ကုန်သည်များနှင့် ပူးပေါင်း၍ ငွေကြေးတံစိုးလက်ဆောင်များ ရှာဖွေပေးခြင်း၊ နှစ်လုံး၊သုံးလုံး လောင်းကစား ရောင်းချသူများထံမှ ငွေကြေးတောင်းခံပေးရာတွင် ပါဝင်ခြင်း၊ ပြည်သူလူထု၏ ကိုယ်စိတ်ပင်ပန်းအောင် ဧည့်စာရင်းစစ်ဆေးရာ နေအိမ်များသို့ မတရားရှာဖွေရာတွင် ပါဝင်ခြင်း၊ ပြည်သူလူထု၏ လူမြို့ရေးကို ချိုးဖောက်၍ အကြမ်းဖက်စစ်ကောင်စီ၏ လိုအပ်သော သတင်းအချက်အလက်နှင့် မှတ်တမ်းများကောက်ယူရာတွင် ပါဝင်ခြင်းများရှိကြောင်း ကျွန်ုပ်တို့တပ်ဖွဲ့မှ စုံစမ်းလေ့လာသိရှိပြီးဖြစ်သည်။

(၂) အကြမ်းဖက်စစ်ကောင်စီ ခန့်အပ်သည့် အချို့သော ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများသည် ရပ်ရွာပြည်သူလူထုအား ပြည်သူနှင့် ပူးပေါင်းသည်ဟုကြေညာပြီး ဒေသခံဒလန်များ၊ ပျူစောထီးများကို အသုံးချ၍ အထက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် အဝေးမှ စီစဉ်ညွှန်ကြား ဆောင်ရွက်နေကြောင်း ကျွန်ုပ်တို့ တပ်ဖွဲ့မှ အသေးစိတ်မှတ်တမ်းများနှင့်တကွ စုံစမ်းလေ့လာသိရှိပြီးဖြစ်သည်။

(၃) အကြမ်းဖက်စစ်ကောင်စီ၏လက်အောက်ခံ ကနီမြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည်CDMဝင်ရောက်သည့်ပြည်သူ့ဝန်ထမ်းများကိုပြည်သူ့အစိုးရလက်ထက် ကကိုဗစ်ချေးငွေများ ပြန်လည်ပေးဆောင်ရန် အမျိုးမျိုးဖိအားပေး၍ မတရားငွေတောင်းသည့် ဌာနများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ငွေတောင်းရန်အားပေးသော စစ်ကောင်စီလက်အောက်ခံအကြမ်းဖက်ဝန်ထမ်းများ၏ စာရင်းကို ကျွန်ုပ်တို့တပ်ဖွဲ့မှ စုံစမ်းလေ့လာသိရှိပြီးဖြစ်သည်။

(၄) ကျွန်ုပ်တို့ တပ်ဖွဲ့အနေဖြင့် အဆိုပါကိစ္စရပ်များကို မလုပ်ဆောင်ရန် အကြိမ်ကြိမ် အသိပေးကြေညာခဲ့ပြီး ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ရန် အချိန်ကာလတစ်ခုအထိ စောင့်ကြည့်ကြိုဆိုခဲ့ပါသည်။၎င်းသည်ကို အခွင့်ကောင်းယူ၍ အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ အားပေးကူညီသူများသည် ပြည်သူလူထုနှင့် ပြည်သူ့ဝန်ထမ်းများအပေါ် မတရားမှုများ များစွာပြုလုပ်လာပြီဖြစ်ရာ အသင်တို့၏လုပ်ရပ်အတွက် အသင်တို့ထိုက်နှင့် အသင်တို့ကံသာဖြစ်ကြောင်း နောက်ဆုံးအကြိမ် ကြိုတင်သတိပေးကြေညာအပ်သည်။

**အကြမ်းဖက်စစ်ကောင်စီ၏ ထောက်တိုင်မှန်သမျှ အမြစ်ဖြုတ်ကြ။**

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (ကနီမြို့နယ်)

**People's Defense Force (Kani)**